# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
# နေပြည်တော်ကောင်စီနယ်မြေရှိခရိုင်(၂)ခုနှင့် မြို့နယ်(၈)ခု၊ ဒက္ခိဏသီရိမြို့ သေးစား၊ အလတ်စား စက်မှုဇုန်စီမံကိန်း တို့အတွက်
# အိတ်ဖွင့်တင်ဒါခေါ် ယူခြင်း

၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ( ၂၈ ) ရက်

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ နေပြည်တော် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းသည် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုရန် အောက်ပါ စက်ပစ္စည်းများနှင့် လုပ်ငန်းများကို ဝယ်ယူအသုံးပြု ဆောင်ရွက်လိုပါသည်။

၂။ ဆောင်ရွက်လိုသော ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ ဝယ်ယူမည့်စက်ပစ္စည်းများမှာ

(က) နေပြည်တော်ကောင်စီရုံးတွင် LAN စနစ်တည်ဆောက်ခြင်းနှင့် ခရိုင်နှင့်မြို့နယ်ရုံးများတွင် WiFi စနစ်များတပ်ဆင်ခြင်း

( ခ) Fiber Cable & Data Network စက်ပစ္စည်းများဝယ်ယူခြင်း

( ဂ) အိတ်ချိန်းအရန်ဓါတ်အားပေးစက်နှင့် ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း

၄။ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာများကို (၁၀.၂.၂၀၁၅) ရက်ညနေ(၄)နာရီ နောက်ဆုံးထား၍ ဒုတိယအထွေထွေမန်နေဂျာရုံး၊ နေပြည်တော် ဒုတိယအထွေထွေမန်နေဂျာရုံး၊ ပုဗ္ဗသီရိမြို့၊ နေပြည်တော်သို့ အရောက်တင်သွင်း ရမည်။

၅။ အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

-ဒုတိယအထွေထွေမန်နေဂျာရုံး၊ နေပြည်တော်ဒုတိယအထွေထွေမန်နေဂျာရုံး၊ ပုဗ္ဗသီရိမြို့၊ နေပြည်တော်။
၀၉-၈၆၃၀၀၁၁ ၊ ၀၆၇ - ၅၀၁၇၇၇၊ ၀၆၇-၅၀၁၁၀၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

စာအမှတ်၊ နပတ/စမက-၁၈/အထွေထွေ/၂၀၁၄-၁၅/

ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၂၈) ရက်

အကြောင်းအရာ။ **နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုရန် စက်ပစ္စည်းများနှင့် လုပ်ငန်းများကို ဝယ်ယူအသုံးပြု ဆောင်ရွက်ရန် အတွက် တင်ဒါခေါ် ယူခြင်း။**

၁။ အထက်ပါကိစ္စနှင့်ပါတ်သက်၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ နေပြည်တော် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ခရိုင်ရုံးများနှင့် မြို့နယ်ရုံးများတွင် LAN စနစ် ၊ WIFI စနစ်၊ အင်တာနက်စနစ်နှင့် ဒက္ခိဏသီရိမြို့ အသေးစား၊ အလတ်စား စက်မှုဇုန်စီမံကိန်းတို့တွင် CATV & Data Network တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏အဆိုပြုလွှာများတွင် လက်မှတ်များ ရေးထိုးလျက်အောက်တွင် လက်မှတ်ရေးထိုးသူအရာရှိထံသို့လိပ်မူ၍ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အညီ ယှဉ်ပြိုင်ဈေးနှုန်းများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ ဆောင်ရွက်လိုသော လုပ်ငန်းရှင်များ အနေဖြင့် (၁၀-၂-၂၀၁၅) ရက်နေ့ ညနေ (၄) နာရီထက် နောက်မကျစေဘဲ အိတ်ဖွင့်တင်ဒါ ပေးသွင်းရမည်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်နောက်ကျတင်သွင်းသူများအား ထည့်သွင်းစဉ်စားမည်မဟုတ်ပါ။

၂။ ဝယ်ယူဆောင်ရွက်မည့်လုပ်ငန်းနှင့် စက်ပစ္စည်းများမှာ

(က) နေပြည်တော်ကောင်စီရုံးတွင် LAN စနစ်တည်ဆောက်ခြင်းနှင့် ခရိုင်နှင့်မြို့နယ်ရုံးများတွင် WiFi စနစ်များတပ်ဆင်ခြင်း

( ခ) Fiber Cable & Data Network စက်ပစ္စည်းများဝယ်ယူခြင်း

( ဂ) အိတ်ချိန်းအရန်ဓါတ်အားပေးစက် ( 15KVA 400V Three Phase 50Hz Generator ) နှင့် ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း

၃။ တင်ဒါတင်သွင်းသူသည် အောက်ပါ စည်းကမ်းချက်များကို လိုက်နာရပါမည်။

(က) ဈေးနှုန်းတင်သွင်းရာတွင် ဈေးနှုန်းလွှာနှင့်အညီ မိမိပေးသွင်းမည့် ပစ္စည်း၏ Catalogue မူရင်း (၁) စုံနှင့် မိတ္တူ (၃) စုံကို တပါတည်း ပူးတွဲ တင်ပြရမည်။ Catalogue ကို တင်ပြနိုင်ခြင်းမရှိပါက တင်ဒါအား တင်သွင်းခွင့်ပြုမည် မဟုတ်ပါ။

(ခ) ဈေးနှုန်း တင်သွင်းရာတွင် ပစ္စည်းတစ်ခုခြင်းစီ၏ ဈေးနှုန်းကို "မြန်မာကျပ်ငွေဖြင့်" ဖော်ပြရပါမည်။ လုပ်ငန်းရရှိသူသည် ပစ္စည်းများ ပေးသွင်းသည့်အခါ တင်ဒါတွင် မိမိတင်ပြခဲ့သော ပစ္စည်းအတိုင်း ဖြစ်ရပါမည်။ တင်ဒါစံချိန်စံညွှန်းနှင့် မကိုက်ညီသော ပစ္စည်းများကိုလုံးဝလက်ခံခြင်း ပြုမည် မဟုတ်ပါ။

(ဂ) ဖော်ပြပါပစ္စည်းများ၏ နေပြည်တော်အရောက် ဈေးနှုန်းများ ဖြစ်ရမည်ဖြစ်ပြီး ကုန်သွယ်လုပ်ငန်း ခွန် ၂ % ပါဝင်ပြီး ဖြစ်ရမည်။ စက်ပစ္စည်းတင်သွင်းခွင့်လိုင်စင်အား ဈေးနှုန်းတင်သွင်းသူမှသာ တာဝန်ယူ လျှောက်ထားရမည် ဖြစ်ပြီး၊ ကျသင့်သော အကောက်ခွန်အား ပေးချေရန် ထည့်သွင်း တွက်ချက်ပြီး ဖြစ်ရပါမည်။

(ဃ) ဈေးနှုန်းတင်သွင်းရာတွင် လုပ်ငန်းအပေါ် စိတ်ဝင်စားမှု အာမခံငွေ တင်သွင်းရန်အတွက် ငွေသွင်းပုံစံ ထုတ်ယူ၍ လုပ်ငန်းအပေါ် စိတ်ဝင်စားမှု အာမခံငွေ ကျပ် ၅၀၀,၀၀၀/- (ကျပ်ငါးသိန်း တိတိ) ကို ပေးသွင်းမှသာလျှင် ဈေးနှုန်းတင်သွင်းလွှာကို တင်ဒါပုံးထဲသို့ ထည့်သွင်းခွင့်ပြုပါမည်။ (လုပ်ငန်းမရရှိပါက ပြန်လည်ထုတ်ပေးပါမည်။)

(င) အပ်နှံထားသော လုပ်ငန်း ပျက်ကွက်ပါက ပေးသွင်းထားသော လုပ်ငန်းအာမခံငွေများကို သိမ်းယူ၍ နာမည်ပျက်စာရင်းတွင် ထည့်သွင်း၍ ဤရုံး၏ လုပ်ငန်းရှင် မှတ်ပုံတင်စာရင်းမှပယ်ဖျက်ခြင်းခံရမည်ဖြစ်ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း လက်အောက်ရှိ ဌာနများနှင့် ပြည်နယ် နှင့် တိုင်းဒေသကြီးများတွင်လည်း လုပ်ငန်းဆောင်ရွက်ခွင့်မပြုပါ။

(စ) ရက်လွန်ဆောင်ရွက်မှုအတွက် နှောင့်နှေးကြေးအဖြစ် တစ်ပါတ်လျှင် နောက်ကျပေးသွင်းမည့် ပစ္စည်းတန်ဘိုး၏ ၁ % ဖြတ်တောက်မည် ဖြစ်ပါသည်။ အဆိုပါ ၁% ဖြတ်တောက်ခြင်းကို ရက်သတ္တပါတ် စုစုပေါင်း ခြောက်ပါတ် တိတိသာ ဖြတ်တောက်မည် ဖြစ်ပြီး ၎င်းကာလထက် ကျော်လွန်ပါက ပေးသွင်းထားသော အာမခံငွေများ အားလုံးကို သိမ်းယူ၍ နာမည်ပျက်စာရင်းတွင် ထည့်သွင်း အရေးယူသွားမည် ဖြစ်ပါသည်။

(ဆ) ဈေးနှုန်းတင်သွင်းသူသည် ရွေးချယ်ခံရပြီးနောက် လုပ်ငန်းကို လုပ်ရန် ငြင်းဆို တင်ပြလျှင်ဖြစ်စေ ရွေးချယ်အကြောင်းကြားသည့် (၇) ရက်မြောက်သည့်တိုင် လာရောက်၍ လုပ်ငန်းလုပ်ကိုင်လက်ခံခြင်း မရှိလျှင်ဖြစ်စေ တင်သွင်းထားသော လုပ်ငန်းအပေါ် စိတ်ဝင်စားမှု အာမခံငွေ ကျပ် ၅၀၀,၀၀၀/- (ကျပ် ငါးသိန်းတိတိ ) ကို သိမ်းယူပြီး နာမည်ပျက်စာရင်းတွင်ထည့်သွင်း အရေးယူသွားမည်။ စည်းကမ်းချက်ကို သဘောတူညီမှသာလျှင် ဈေးနှုန်းတင်သွင်း ရမည်။

(ဇ) လုပ်ငန်းအားလုံးကို စာချုပ်ချုပ်ဆိုပြီးသည့်နေ့မှစ၍ ရက်ပေါင်း (၃၀) ရက်အတွင်း အပြီးဆောင်ရွက်ရပါမည်။ စီမံကိန်း ဆောင်ရွက်မည့် အချိန်ဇယားအား ဖော်ပြရပါမည်။

(ဈ) တင်ဒါဖွင့်ဖောက်သည့် နေ့တွင် လာရောက်သူ လုပ်ငန်းရှင် (သို့) ကိုယ်စားလှယ်သည် ဈေးနှုန်းဖွင့်ဖောက်ရေးအဖွဲ့မှ စီစစ်သည့် ဈေးနှုန်းနှင့် ပစ္စည်းအပေါ် ဆုံးဖြတ်ပေးနိုင်သူ (မပျက်မကွက်) တက်ရောက်ရပါမည်။

(ည) ဈေးနှုန်းတင်သွင်းသည့်အခါ ပုဂ္ဂိုလ်အမည်အစား လုပ်ငန်းအမည်ဖြင့်သာ တင်ပြရပါမည်။

(ဋ) ဈေးနှုန်းတင်သွင်းသည့် လုပ်ငန်းရှင်သည် နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်ကောင်စီရုံးနှင့် ခရိုင်ရုံးများ၊ မြို့နယ်ရုံးများကို ကွင်းဆင်းလေ့လာပြီး SURVEY ပြုစုတင်ပြရမည်။ ဒက္ခိဏ သီရိမြို့ အသေးစား၊ လတ်စားစက်မှုဇုန်စီမံကိန်းတွင် CATV & Data Network တည်ဆောက် ခြင်းလုပ်ငန်းအတွက်လိုအပ်သော စက်ပစ္စည်းများနှင့်ပါတ်သက်၍ အသေးစိတ်အချက်အလက် များကို ဒုတိယအထွေထွေမန်နေဂျာ ဦးစီးသည့် ဈေးနှုန်းစီစစ်ရေး ကော်မတီရှေ့မှောက်တွင် ရှင်းလင်း တင်ပြနိုင်ရမည် ဖြစ်ပါသည်။

(ဌ) ဈေးနှုန်းတင်သွင်းသည့် နေ့တွင် ဈေးနှုန်းလွှာ (၃) စောင် (Cost Proposal)အား သီးခြားစာအိတ်ဖြင့် ထင်ရှားစွာ ရေးသား ဖေါ်ပြ၍ချိတ်ပိတ်တင်ပြရမည်။

(ဍ) တင်ဒါခေါ်ယူရေးကော်မတီသည် ရရှိသော တင်ဒါတစ်ခုကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ အကြောင်းတစ်စုံတစ်ရာ ဖော်ပြခြင်းမပြုဘဲ ပယ်ဖျက်ပိုင်ခွင့်ရှိကြောင်းကိုလည်း ဖော်ပြအပ်ပါသည်။

(သိန်းဟုတ်)
ဒုတိယအထွေထွေမန်နေဂျာ
နေပြည်တော်ကောင်စီ

----------------------------------------

-----------------------------------------

-----------------------------------------

မိတ္တူကို -

- ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ နေပြည်တော်
- ရုံးလက်ခံ